ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အခွန်အယူခံခုံအဖွဲ့

Revenue Appellate Tribunal Board

Revenue Appellate Tribunal board , Revenue Appellate Tribunal board, Revenue Appellate Tribunal board, Revenue Appellate Tribunal board, Revenue Appellate Tribunal board , Revenue Appellate Tribunal board, Revenue Appellate Tribunal board

Chairman Office 067-8103478 , Fax 067-8103475 , Email - headoffice-ratb@ratb.gov.mm

# အမိန့်ကြော်ငြာစာအမှတ် ( ၂ /၂၀၂၁)

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ လ ၁၈ ရက်

( ၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက် )

၁။ အခွန်အယူခံခုံအဖွဲ့သည်အမှုတင်သွင်းလျှောက်ထားရာတွင်ပြည့်စုံစွာဆောင်ရွက်ပြီးခုံအဖွဲ့သို့ အချိန်မီတင်သွင်းနိုင်ရန်အတွက် အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ အခွန်အယူခံခုံအဖွဲ့သို့ အမှုတင်သွင်းလျှောက်ထားပါက သတ်မှတ်ပုံစံနှင့်အညီ လိုအပ်သော အထောက်အထားများကို ပူးတွဲလျက် လျှောက်ထားရမည်ဖြစ်ကြောင်း ၊ လျှောက်ထားချက်တွင် ပူးတွဲပါရှိရမည့် လိုအပ်သော စာရွက်စာတမ်း အထောက်အထားများကို ခုံအဖွဲ့က အမိန့်ထုတ်ပြန် သတ်မှတ်နိုင်ကြောင်း အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများ၊နည်းဥပဒေ ၁၀ တွင်ပြဋ္ဌာန်းထားပါသည်။

၃။ ခုံအဖွဲ့သည် လက်ခံအမှုဖွင့်လှစ်ပြီးသော အမှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများ သို့ ချေလွှာတောင်းခံရာတွင် လျှောက်ထားသူ၏ လျှောက်ထားချက်တစ်စုံကို ပူးတွဲပေးပို့ ၍ တောင်းခံရမည်ဖြစ်ကြောင်း နည်းဥပဒေ ၁၁ တွင် ပြဋ္ဌာန်းထားပါသည်။

၄။ အခွန်အယူခံခုံအဖွဲ့အနေဖြင့် အမှုများကို ကြားနာစစ်ဆေးရာတွင် မှန်ကန် မျှတမှု ရှိစေရေး အတွက် လျှောက်ထားသူက ကြားနာမည့်နေ့ရက်တွင် ခုံအဖွဲ့သို့လျှောက်လဲတင်ပြမည့်လျှောက်ထား တင်ပြချက်အပြည့်အစုံကို အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများ ၊ နည်းဥပဒေ ၁၁ နှင့်အညီ လျှောက်ထား ခံရသူဘက်သို့ ကြိုတင်ပေးပို့ထားရန် လိုအပ်မည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ အမှုတင်သွင်းလျှောက်ထားသည့်အခါ သတ်မှတ်ပုံစံ(အခယ-၁၊အခယ-၂၊အခယ-၃) နှင့်အတူ လျှောက်ထားတင်ပြချက်အပြည့်အစုံကို ပူးတွဲပေးပို့ရန်နှင့်ပေးပို့ထားသော လျှောက်ထား တင်ပြချက်တွင် အချက်အလက်တစ်စုံတစ်ရာကို ထပ်မံဖြည့်စွက်ရန် အကြောင်းပေါ်ပေါက်ပါကအမှု ကြားနာရန် ကြိုတင်သတိပေးအမှုခေါ်စာရင်း မထုတ်ပြန်မီ အခွန်အယူခံခုံအဖွဲ့သို့ အချိန်မီ တင်ပြ လျှောက်ထားကြရန် သတ်မှတ်လိုက်သည်။

၆။ ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့် နေ့မှစ၍ တင်သွင်းသောအမှုများနှင့် သက်ဆိုင်စေရမည်။

(ပုံ) ဝင်းတင်

ဥက္ကဋ္ဌ

စာအမှတ်၊ အခယ(ဖွဲ့)/ ၆ /၀၃ ( ၅၉/ ၂၀၂၁)

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ လ ၁၈ ရက်

**ဖြန့်ဝေခြင်း**

အဖွဲ့ဝင်များ ၊ အခွန်အယူခံခုံအဖွဲ့

အခွန်အယူခံခုံအဖွဲ့ ၊ ဥက္ကဋ္ဌ ရုံးခန်း

ညွှန်ကြားရေးမှူးချုပ် ၊ အခွန်အယူခံခုံအဖွဲ့ရုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်။

ညွှန်ကြားရေးမှူးချုပ် ၊ ပြည်တွင်းအခွန်များဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ် ၊ အကောက်ခွန်ဦးစီးဌာန

မှတ်ပုံတင်အရာရှိ ၊ အခွန်အယူခံခုံအဖွဲ့ရုံး

ကြော်ငြာသင်ပုန်း

အ မိန့် အ ရ

( အောင်မြင့်လွင် )

ညွှန်ကြားရေးမှူးချုပ်